# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ၂၉ ရက်မြောက်နေ့အစီအစဉ်

## [၁၇-၈-၂၀၁၂ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ဦးမောင်မောင်စိုး၊ သာကေတ မဲဆန္ဒနယ်က ၁၉၄၅ ခုနှစ်၊ ငွေတိုးချထားသူများ အက်ဥပဒေအရ တရားဝင်မှတ်ပုံတင်ခြင်းမပြုဘဲ တရားမဝင်ငွေတိုးချစားသူ အား ဖော်ထုတ်အရေးယူရန်နှင့် ဆင်းရဲသားများအား လိမ်လည် တရားစွဲဆို ခံနေရခြင်းကို ကာကွယ်ပေးမည့် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်း၍ မေးခွန်း မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၈။ ဦးသိန်းဆွေ၊ အမ်း မဲဆန္ဒနယ်၏ **"ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးသည့် ဥပဒေများကို ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းသည် နိုင်ငံတော် သမ္မတလက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာပြီးနေ့မှ ရက်ပေါင်း ၉၀ သို့မဟုတ် လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်။

(ခ) ဦးခင်မောင်ဦး၊ မုံရွာ မဲဆန္ဒနယ်။

(ဂ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်။

(ဃ) ဦးထွန်းမြင့်ဦး၊ မိုင်းပန် မဲဆန္ဒနယ်။

(င) ဦးသိန်းအောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်။

(စ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်။

(ဆ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်။

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၂၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၃၀ ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။